## ဒေါက်တာကျော်စိန်၏ အမှာစာ

ဆရာဦးသိန်းလွင်သည် စာမျက်နှာ (၈၀၀)ကျော်ရှိသော**(A BASIC ENGLISH GRAMMAR)**ကျမ်းကို ပြုစုခဲ့သူဖြစ်ရာ သဒ္ဒါအရာ၌ ကျွမ်းကျင်သူ **(GRAMMARIAN)**အဖြစ် သတ်မှတ်မည်ဆိုက သတ်မှတ်နိုင်ပါသည်။ ယခု ဤစာအုပ်တွင်မူ သူသည် သဒ္ဒါအကြောင်းမပြောဘဲ စကားလုံးတစ်လုံး၏အဓိပ္ပါယ်သည် နောက်ဆက်စကားလုံးကြောင့် မည်သို့မည်ပုံ ပြောင်းလဲသွားကြောင်းကို ဥပမာတို့ဖြင့် ဖော်ပြထားရာ သဒ္ဒါကိုနိုင်ပြီးနောက် စကားအသုံးအနှုန်းပိုင်လိုသော ပုဂ္ဂိုလ်များအဖို့ အားထားစရာ ကျမ်းတစ်စောင်ဟုယူသော် ရကောင်းပါသည်။

ဆရာဦးသိန်းလွင်သည် **(ACT)**ဟူသော စကားလုံးနှင့်အစပြု၍ **(WRITE)**ဟူသောစကားလုံးနှင့် အဆုံးသတ်ထားပါသည်။ မူရင်းစကားလုံးဖြစ်သော **(ACT)**သည် အဘိဓာန် ဖွင့်ဆိုချက်အရ ၁။ ပြုလုပ်သည်၊ ၂။ ဇာတ်ကောင်အဖြစ် သရုပ်ဆောင်သည်၊ ၃။ ပြုမူနေထိုင်သည်၊ ၄။ အယောင်ဆောင်သည်-ဟူသော အဓိပ္ပာယ်(၄)မျိုးကို ဖော်ဆောင်သည်။ သို့သော် ယင်းစာလုံး **(ACT)**နောက်မှ **(AS) (FOR) (ON/ UPON) (OUT)** စသည့်စကားလုံးတို့ တွဲဖက်ပါလာပါက အဓိပ္ပာယ်တို့သည် ပြောင်းသွားတတ်ပါသည်။ ဤသို့ဖြင့် **(ACT)**ဟူသော စကားလုံး၏ ပရိယာယ်သွင်ပြင်တို့ကို ပြက်ပြက်ထင်ထင်မြင်အောင် ဆရာဦးသိန်းလွင်က ဥပမာတို့ဆောင်၍ ဖွင့်ဆိုရှင်းလင်းထားပါသည်။

သဒ္ဒါကိုပိုင်နိုင်ပြီဖြစ်သော ပုဂ္ဂိုလ်တစ်ဦးအဖို့ စကားလုံးတို့ကို ကျွမ်းကျင်စွာ နေရာတကျ သုံးစွဲနိုင်ခဲ့သော် ဝါကျထုံးဖွဲ့မှုနေရာတွင် ဆရာတစ်ဆူဖြစ်လာနိုင်ပါသည်။ ဆရာဦးသိန်းလွင်၏ **(PHRASAL VERBS AND THEIR IDIOMS)** သည် စကားလုံးတို့၏ ပရိယာယ်ကြွယ်ဝပုံကို နားလည်စေရုံသာမက အသုံးချတတ်အောင်ပါ ဥပမာများဖြင့် ဖော်ပြလမ်းညွှန်ထားသောကြောင့် အင်္ဂလိပ်စာကိုပိုင်နိုင်စွာ တတ်ကျွမ်းလိုသူများ လက်ကိုင်ထားရမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ကြောင်း အမှာစကားပါးလိုက်ရပါသည်။

**ဒေါက်တာ ကျော်စိန်**

၁၆. ၂. ၂၀၀၄